# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၄၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။ အချိန်ရဲ့ကန့်သတ်ချက်ကြောင့် ၁၁း၁၀ မိနစ်အထိပဲ အစည်းအဝေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၂) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၃) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၄ ရက်၊

(၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

မှုကြမ်း

(၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်မြင့် ခွင့် ၄ ရက်နှင့်

(၆) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင်အဖွဲ့ဝင် ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးကိုကိုနိုင်၊ ဗိုလ်ချုပ်(အငြိမ်းစား)အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းနှင့် သောက်သုံးရေကန် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေနှင့် ယခု လာမည့် ၂၀၁၅ ခုနှစ်၊ ဇွန်လ မိုးရာသီမတိုင်မီ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နွေရာသီမှာ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် စီမံဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်ပြီးတော့မှ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကျွန်တော်တို့နိုင်ငံတွင်လည်းပဲ တစ်နှစ်ထက်တစ်နှစ် အပူချိန်ပိုမိုမြင့်မားလာလျက်ရှိပါတယ်။ အပူချိန်မြင့်မားလာခြင်းနှင့်အတူ နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုများ၊ အချို့သောကျေးရွာရပ်ကွက်များမှာ မနှစ်က ဖြစ်ပေါ်ခဲ့တဲ့အတွက် တပ်မတော်နှင့် လူမှုရေးအဖွဲ့အစည်းအချို့က ရေကားများ အရေးပေါ်သုံးပြီးတော့မှ သောက်သုံးရေဖြန့်ဝေမှုများ၊ ပြုလုပ်ပေးခဲ့ရမှုများ ရှိခဲ့ပါတယ်။ ယခုနွေရာသီမှာလည်းပဲ မနှစ်ကနည်းတူပဲ အချို့သောကျေးရွာများမှာ သောက်သုံးရေပြတ်လပ်မှုများ ရှိခဲ့ပါတယ်။ နောင်နှစ်တွေမှာ ယင်းကဲ့သို့မဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ပါတယ်။ ယခုမိုးမကျမီ သောက်သုံးရေကန်များတူးဖော်ထားခြင်းဖြင့် တစ်နှစ်ကြိုပြီးတော့မှ ပြည်သူများ ရေလုံလောက်စွာ သုံးစွဲခံစားခွင့်ရရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြေပြင်၌ စက်ရေတွင်းနှင့် သောက်သုံးရေကန်တူးဖော်ခြင်းလုပ်ငန်းများ၊ ဆောင်ရွက်ပေးနိုင်ခဲ့

မှုအခြေအနေကို သိရှိလိုပါကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်မယ့် စက်ရေတွင်းနှင့် သောက်သုံးရေကန်တူးဖော်ခြင်းလုပ်ငန်းများအနက် သောက်သုံးရေကန် တူးဖော်ခြင်းလုပ်ငန်းများကို လာမယ့် ၂၀၁၅ ဇွန်လ မိုးရာသီမတိုင်ခင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေး ကနေပြီးတော့မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသာဝင်းအနေနဲ့ ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး စိတ်ပါဝင်စားစွာနဲ့ ဒေသထိကွင်းဆင်းစစ်ဆေးပြီးတော့မှ မေးမြန်းပေးတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာလည်းပဲ သောက်သုံးရေရရှိရေးကို ကျွန်တော်တို့ရဲ့ ဦးစားပေးအစီအစဉ်ထဲမှာလည်း ကျွန်တော်တို့က ထည့်သွင်းပြီးတော့မှ မဟာဗျူဟာစီမံချက်အနေနဲ့ ကျွန်တော်တို့ ချမှတ်ထားပြီးလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် နှစ်ပိုင်းခွဲပြီး ဖြေကြားလိုပါတယ်။ ပထမဆုံးအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသလို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ ရေရရှိရေးနဲ့ ပတ်သက်တာလေးကို ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ မူလချမှတ်ပေးတဲ့ ဘတ်ဂျက်နဲ့ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဟာ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ သန်းပေါင်း ၄၀၉၉၆.၃ သန်းနဲ့ ကျေးရွာပေါင်း ၃၈၀၁ ရွာမှာ တွင်းတိမ် ၄၀၁ တွင်း၊ တွင်းနက် ၁၂၆၁ တွင်း၊ လက်တူးတွင်း ၄၇၃ တွင်း၊ မြေသားမိုးရေလှောင်ကန် ၈၈၂ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၈၄၆

ခု၊ အခြားရေရရှိရေး လုပ်ငန်း ၂၉၉ ခု စုစုပေါင်းရေရရှိရေးလုပ်ငန်း ၄၁၆၂ ခု ကို ကျွန်တော်တို့ရဲ့ ဘတ်ဂျက်နဲ့ဖြည့်စွက်ပြီး ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

အလားတူပဲ ကျွန်တော်တို့ အလှူရှင်တွေရဲ့လှူဒါန်းငွေနဲ့ စုစုပေါင်း ၂၀၄၃.၃၅ သန်းနဲ့ ကျေးရွာပေါင်း ၄၂ ရွာမှာ တွင်းနက် ၅၈ တွင်း၊ စိမ့်စမ်းရေသွယ်ယူခြင်း သုံးခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၆၁ ခု ဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခါ JICA ရဲ့ ပူးပေါင်းပြီးတော့မှ ကုန်ကျငွေကျပ် ၂၀၃.၀၅ သန်းနဲ့ ကျေးရွာပေါင်း ရွာ ၂၀ မှာတွင်းနက် ၂၀ တွင်း၊ UNICEF ရဲ့ပူးပေါင်းမှုကြောင့်မှ ကုန်ကျငွေကျပ် ၅၈၅.၅ သန်းနဲ့ ကျေးရွာပေါင်း ၈၆ ရွာမှာ တွင်းနက် ၄၁ တွင်း၊ လက်တူးတွင်း ၁၁ တွင်း၊ မြေသားမိုးရေလှောင်ကန် ၁၁ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၂၃ ခု စုစုပေါင်းရေရရှိရေးလုပ်ငန်း ၈၆ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

နောက်ဒုတိယပိုင်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ကျေးရွာပေါင်း ၃၅၅၂ ရွာမှာ တွင်းတိမ် ၅၁၆ တွင်း၊ တွင်းနက် ၁၄၆၇ တွင်း၊ လက်တူးတွင်း ၅၅၅ တွင်း၊ မြေသားမိုးရေလှောင်ကန် ၄၉၇ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၆၁၃ ခု၊ အခြားရေရရှိရေးလုပ်ငန်း ၁၉၉ ခု စုစုပေါင်းရေရရှိရေးလုပ်ငန်း ၃၈၄၇ ခုကို ဆောင်ရွက်ဖို့အတွက် ရန်ပုံငွေကျပ်သန်းပေါင်း ၃၁၀၇၉.၇ သန်းဖြင့် လျာထားပြီး ဖြစ်ပါတယ်။ JICA ဖြင့် ပူးပေါင်းပြီးတော့မှ ကုန်ကျငွေကျပ် ၁၈၇.၀၂၂၆ သန်းဖြင့် ကျေးရွာပေါင်း ၂၀ မှာ တွင်းနက် ၂၀ တွင်း၊ UNICEF နဲ့ပူးပေါင်းပြီးတော့မှ ကုန်ကျငွေကျပ် ၅၂၄ သန်းဖြင့် ကျေးရွာပေါင်း ၉၀ မှာ တွင်းနက် ၄၆ တွင်း၊ လက်တူးတွင်း ရှစ်တွင်း၊ မြေသားမိုးရေလှောင်ကန် ၂၀ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၁၆ ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၉၀ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ရာ ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းနှင့် ရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၃၉၄၉ ရွာ၌ ရေရရှိရေးလုပ်ငန်းပေါင်း ၄၂၆၈ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၃၆၆၂ ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၃၉၅၇ ခုကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

၂၀၁၅-၂၀၁၆ ဘတ်ဂျက်ပါလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေး အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံကို အချိန်မီတင်ပြကြရန်ဖြစ်ပြီး တော့မှ ၂၀၁၅ ခုနှစ် ဧပြီလမှ မေလအတွင်း တင်ဒါခေါ်ယူပြီး အပြီးသတ်ဆောင်ရွက်သွားရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနှင့် လုပ်ငန်းများအား ဇွန်လ အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်ပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဟုမ္မလင်းမြို့နယ်တွင် မြေသားတစ်မိုင်ခန့်နှင့် နမ့်ဖယ်ချောင်းဖြတ် သံကူကွန်ကရစ်တံတားတစ်စင်း လိုအပ် နေပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်မှာ ၂၀၁၃-၂၀၁၄ ခုနှစ် နယ်စပ်ရေးရာဝန်ကြီးဌာနကနေ ပြီးတော့ ကျေးရွာချင်းဆက်လမ်းအနေနဲ့ နမ်စကား-ခေါင်ငိုး-နမ့်တောဆိုပြီး နယ်စပ်ဌာန သန်းပေါင်း ၆၀၀ ခွင့်ပြုပါတယ်။ ဒါပေမယ့် ဒီလုပ်ငန်းကို ၂၀၁၄-၂၀၁၅ မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ အဲဒီဌာနကနေပြီးတော့ တင်ဒါခေါ်ယူပြီး ကုမ္ပဏီတွေကိုတာဝန်ယူစေတဲ့အထဲမှာ ဒီသံကူကွန်ကရစ်တံတားနှင့် လမ်းမိုင် ၆ မိုင်ကို Great Young ကုမ္ပဏီကနေပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ Great Young ကုမ္ပဏီက အင်ဂျင်နီယာကလည်းပဲ ကျွန်တော်တွေ့ဆုံမေးတဲ့အခါကျတော့ ကျွန်တော်အင်ဂျင်နီယာတော့ အင်ဂျင်နီယာပဲ အရင်ကသစ်ပဲ ထုတ်နေတာ။ တံတားတော့တစ်စင်းမှ မဆောက်ဖူးသေးပါဘူးဆိုပြီးတော့ ပြောရှာပါတယ်။ သူကပွင့်ပွင့် လင်းလင်းပဲပြောတာပေါ့။ အဲဒါကြောင့်မို့လဲ တကယ်လုပ်တဲ့အခါကျတော့ မှားမှားယွင်းယွင်းတွေ ဖြစ်လာပြီးတော့ အချိန်မီမပြီးတော့ဘူး။ ငွေကြေးတွေလည်း မှားယွင်းပြီး ပြင်ဆင်ရတဲ့အခါကျတော့ ငွေကြေးက မလုံလောက်တော့ဘူးဖြစ်လာပါတယ်။ အချိန်မီလည်းမပြီးစီးတော့ဘဲနဲ့ ကျန်ရစ်ခဲ့ပါတယ်။ ဒါကျွန်တော်တို့ ချင်းကပ်လမ်းတောင် ကုမ္ပဏီသုံးခုကို ဖိုခိုင်းလို့သာ အခုပြီးခါနီးဖြစ်နေတာပါ။

တံတားက ပြီးသွားတယ် သုံးမရဘူး ဖြစ်ခဲ့ပါတယ်။ အဲဒီတော့ ဒီထဲမှာ ၁ မိုင်ခန့်ကျန်နေတဲ့ အမှန်က ကျွန်တော်တင်ပြထဲကိုက နမ်စကား-နမ့်တောလို့ တင်တဲ့အထဲမှာ မြေသားလမ်း ၁ မိုင်နဲ့ နမ်တော့ဝင် ရမယ့် နမ့်ဖယ်ချောင်းဖြတ်ကာ တံတားတစ်စင်းဟာ ကျန်နေခဲ့ပါတယ်။ ကျွန်တော်မျှော်လင့်တာကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဒါဟာဆောင်ရွက်ဆဲလုပ်ငန်းဖြစ်တဲ့ အတွက်လျာထားပေးမယ်လို့ ယူဆခဲ့ သော်လည်းပဲ အဲဒီ BE မှာပါမလာခဲ့ပါဘူး။ အဲဒီလိုဆိုရင် ဒီလမ်းအတွက်ဘယ်လို ဆောင်ရွက်ပေးမလဲ။ ဒီတံတားအတွက် ဘယ်လိုဆောင်ရွက်ပေးမလဲ။ တကယ်လို့ ဒီနောက်ဆက်တွဲ ဘတ်ဂျက်မှာ ထည့်ပေး နိုင်မလား။ အဲဒီလိုမထည့်ပေးနိုင်ရင်လည်း ဒါအစိုးရပြောင်းလဲသွားမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်အောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကျွန်တော်ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ဒီ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်း ချက်နဲ့ပတ်သက်ပြီး ကျွန်တော်ကပဲ ဆက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နောင်ပိုအောင်-နမ့်တောလမ်းဟာ အရှည် ၁၇ မိုင် ၃ ဖာလုံရှိပြီးတော့မှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတို့နဲ့ ကျောက်ချောလမ်း ၂ မိုင် ၆ ဖာလုံ၊ ကျောက်ရောမြေလမ်း ၈ မိုင် ကျောက်ရောမြေလမ်းဆိုတာကတော့ ကျွန်တော်တို့ မြေနဲ့ ကျောက်စလစ်နဲ့ ရောထားတာရယ်။ နောက်အညာဒေသခေါ်တဲ့ ဂျင်းကျောက်နဲ့ဂဝံ ဒီမြေလမ်းကို ကျွန်တော်ဆိုလိုခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီ ၈ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေနဲ့ ကျောက်ရောမြေလမ်း ၅ မိုင်ကို လည်းကောင်း၊ ပြည်သူလူထုကနေပြီးမှ ကျောက်ရောမြေလမ်း ၁ မိုင် ၅ ဖာလုံကိုလည်းကောင်း၊ စုစုပေါင်းမိုင်အရှည် ၁၇ မိုင် ၃ ဖာလုံကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရ

ပါတယ်။ ဟုမ္မလင်းမြို့နယ်၊ နောင်ပိုအောင်-နမ့်တောလမ်းပေါ်မှာရှိတဲ့ နမ့်ဖယ်ချောင်းကူးတံတားဟာ အရှည်ပေ ၁၂၀၊ အကျယ် ၁၅ ပေရှိတဲ့ အုတ်ခုံခံထားတဲ့ သစ်သားတံတားဖြစ်ပြီးတော့မှ ကမ်းကပ်ခုံနံရံ တွေကွဲနေတဲ့အတွက် သံကူကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ရန်လိုအပ်မှာဖြစ်ပြီး ခန့်မှန်း ကုန်ကျငွေအနေနဲ့ ၁၂၀ သန်း ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ် ၁၇၅၁၂.၀၄၃ သန်းနဲ့ ကတ္တရာလမ်း ၂၆ မိုင် ၅ ဖာလုံ၊ ကျောက်ချောလမ်း ၁၈၉ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၂၁၈ မိုင် ၃ ဖာလုံ၊ သစ်သားတံတား ၂၄၇၀ ပေ၊ ကွန်ကရစ်တံတား ၆၄၅ ပေ၊ ရေပြွန် ၁၆၉ ပေနှင့်ကွန်ကရစ်ရေကျော် ၃၇၀ ပေးတို့ကို ဆောင်ရွက်မှုခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဟုမ္မလင်း မြို့နယ်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၃၄.၂၄ သန်း ဖြင့် မြေသားလမ်း ၂ မိုင်ကို ဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ အခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ ဟုမ္မလင်းမြို့နယ်အတွင်းမှာရှိတဲ့ နောင်ပိုအောင်-နမ့်တောလမ်း ပေါ်မှာရှိတဲ့ နမ့်ဖယ်ချောင်းကူးတံတားကို ဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ လျာထားတင်ပြထားခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ လတ်တလောမှာလည်း ဆောင်ရွက် ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြချက်ကို မှတ်တမ်းတင်ထားရှိပြီးတော့ ကျွန်တော်တို့ လုပ်ငန်းများဦးစားပေးအစီအစဉ်အတိုင်း ဆက်ပြီးဆောင် ရွက်ပေးမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးအေး၊ ဟုမ္မလင်းရဲ့ မေးမြန်းချက်နှစ်ခုလို့ မှတ်သားမိပါတယ်။ တစ်ခုက စည်းကမ်းသတ်မှတ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားပါသလဲဆိုတဲ့ မေးခွန်းတစ်ခုရယ်။ နောက်တစ်ခုကတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာခွင့်ပြုငွေပါ/မပါဆိုတဲ့ မေးခွန်းလို့ မှတ်သားမိပါတယ်။ ဒုတိယ အချက်ကတော့ ပြေလည်အောင်ဖြေသွားပြီးပါပြီ။ ပထမအချက်နှင့် ပတ်သက်လို့ ဘယ်လိုများစီရင် ထားလည်းဆိုတာ ဖြေနိုင်ရင်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းက ကျွန်တော်တို့ နယ်မြေတွေကို ဆင်းတဲ့အခါမှာလည်း ဒီပြဿနာလေးတွေ တွေ့ရပါတယ်။ အခုလည်း ကျွန်တော်တို့ ဒီလွှတ်တော်မလာခင်မှာ ကျွန်တော့်ဆီက ကျေးလက်အဖွဲ့က Staff တွေနဲ့တွေ့ပြီးတော့မှ ပြန်ပြီး Shoot နိုင်တဲ့ မေးခွန်းလေးတွေကို၊ အောက်ခြေမှာတကယ်ဖြစ်ပျက်နေတာလေးတွေကို သိဖို့လိုတယ်။ ဘယ်လိုလုပ်ပေးနိုင်လည်းဆိုတာတွေ ဖြေရှင်းပေးဖို့လိုပါတယ်။ တကယ်လို့များ ကျွန်တော်တို့က ဒီခန်းမကြီးထဲမှာ တရားဝင်ထုတ်ဖော်ပြီး မဖြေရှင်းနိုင်ရင်တောင်မှ မေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို နှစ်ယောက်ချင်းတွေ့ပြီးတော့မှ ဒီလိုလေးတော့ရှိတယ်ဆိုတာ ကျွန်တော်တို့ ခါတိုင်းလည်း ရှင်းပြခဲ့တာရှိပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးမေးတဲ့၊ ဆွေးနွေးတဲ့ ကျွန်တော်တို့ကိုချပြတဲ့ လမ်းညွှန်ချက်တွေကလည်း အင်မတန်မှ ဒါဖြစ်သင့်ပါတယ်။ ဒါလွှတ်တော် ကိုယ်စားလှယ်ကြီးလည်း သိသင့်ပါတယ်။ အရင်ကလည်း ကျွန်တော်တို့ ဒီမှာအင်္ဂပူမဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ကို ကျွန်တော် Slide တွေနဲ့ ကျွန်တော်ဖြေကြားခဲ့ဖူးပါတယ်။ အခုကျွန်တော်တို့က ဒီဘတ်ဂျက်ကျတဲ့ဟာကို တိုင်းဒေသကြီးနှင့်ပြည်နယ်ဒေသအစိုးရတွေကို ဒါကို ကျွန်တော်တို့က ခွဲပြီးတော့ပေးလိုက်ပါတယ်။ ပေးလိုက်ပြီးတော့မှ တိုင်းနဲ့ပြည်နယ်ကနေပြီးတော့မှ သူတို့ ဒီဟာကို တင်ဒါကို ပွင့်လင်းမြင်သာမှုရှိအောင် ခေါ်ပါတယ်။ အဲဒီတင်ဒါခေါ်ပြီးတော့မှ အောင်မြင်သွားတဲ့ကုမ္ပဏီကို လုပ်ငန်းတွေအပ်ပါတယ်။ အဲဒီလုပ်ငန်းကိုကျွန်တော်တို့ Quality Control အနေနဲ့ကတော့ ကျွန်တော်တို့ဆီက ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ကျွန်တော်တို့ရဲ့ အင်ဂျင်နီယာများနဲ့ ဒါကို ကွပ်ကဲကြပ်မတ်တာတွေရှိပါတယ်။ ဒီနေ့လည်း ကျွန်တော်တို့ ဦးသာဝင်းမေးတဲ့ မေးခွန်းလိုဟာမျိုးမှာ တွင်းကိုကျွန်တော်တို့တူးလိုက်တယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာပင်လျှင် အောက်ကကျောက်ဖြာခံတဲ့အတွက်ကြောင့်မို့လို့ နဂိုကတော့ ကျွန်တော်တို့ ဒါကို Feasible လုပ်လိုက်တဲ့အခါမှာ ရေရနိုင်တယ်လို့ယူဆသော်လည်းပဲ အောက်မှာကျောက်ဖျာကြီးခံတဲ့အခါကျတော့ တွင်းထဲမှာမထွက်တာတွေရှိပါတယ်။ အဲဒီလိုဆိုရင် တချို့ကုမ္ပဏီတွေကျတော့ တကယ်ကို ကျွန်တော်တို့က ဆက်ပြီးလုပ်ဖို့မရနိုင်တဲ့အနေအထားတွေရှိတဲ့အတွက်ကြောင့် တချို့လုပ်ငန်းတွေမှာ ကျွန်တော်တို့က ဒါကို စွန့်လွှတ်တဲ့လုပ်ငန်းအနေနဲ့ ကျွန်တော်တို့ သက်ဆိုင်ရာဒေသမှာရှိနေတဲ့ အထောက်အကူပြုအဖွဲ့တွေ၊ သူတို့အဖွဲ့တွေနဲ့ ကျွန်တော်တို့က ညှိနှိုင်းပြီးတော့မှ အမှုတွဲတည်ဆောက်ပြီး ပြန်ပြီးတော့မှ သုံးသပ်လို့ရှိရင် ခွင့်ပြုပေးတာလည်း ရှိပါတယ်။

**မှူကြမ်း**

နောက်တစ်ခုကတော့ ကျွန်တော်တို့ တကယ်ဖြစ်နိုင်ရယ်သားနဲ့ သတ်မှတ်ချိန်အတွင်းမှာ မပြီးတာ သတ်မှတ်ချိန်အတွင်းမှာ ဒီဟာကို Quality ကို မပြည့်မီတာမျိုးကျတော့ ခုနက ကျွန်တော်တို့ ဒါကို ဆက်လက်ပြီးတော့မှ အရေးယူမှာ ဖြစ်ပါတယ်။ နောက်ဆုံးဘယ်လိုမှမဖြစ်နိုင်တော့ရင် ဒီကုမ္ပဏီတွေကို Black List သွင်းပြီးတော့မှ ဆောင်ရွက်တာမျိုးရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ မေးခွန်းမေးတည်းကိုက တိတိကျကျ သူမေးထားတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့နိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေတွေခွဲဝေတဲ့နေရာမှာလည်း တင်ပြလာတဲ့ စီမံကိန်း၊ လုပ်ငန်းပေါ်မူတည်ပြီးတော့ လွှတ်တော်ထဲမှာ အကျေအလည်ဆွေးနွေးပြီးတော့ ခွင့်ပြုချပေးခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီလိုချပေးလိုက်တဲ့ငွေ၊ ပြည်သူ့ဘဏ္ဍာငွေတွေကို သုံးစွဲတဲ့နေရာမှာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအပါအဝင် အခြားစည်းမျဉ်းစည်းကမ်းများအနေနဲ့ သုံးစွဲရတာဖြစ်ပါတယ်။ ဒီဟာကတော့ ဦးအေးကတရားဝင် တင်ပြတဲ့ကိစ္စ ဖြစ်ပါတယ်။ ပြင်ပမှာလည်း ဒီလိုပဲ ကျွန်တော်တို့ဆီ အများကြီး တင်ပြထားတာရှိပါတယ်။ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေကတော့ ဘာပဲဖြစ်ဖြစ် ပြည်သူ့ဘဏ္ဍာရန်ပုံငွေတွေကို စနစ်တကျသုံးစွဲနိုင်ဖို့အတွက် သေသေချာချာစီမံခန့်ခွဲပြီး ဆောင်ရွက်ပေးတဲ့နေရာမှာ ဘဏ္ဍာငွေတွေကို စနစ်တကျမသုံးဘဲနဲ့ အခုလိုအဖြစ်မျိုးတွေ နိုင်ငံအနှံ့မှာ ဖြစ်နေမယ်ဆိုရင် ဘဏ္ဍာငွေများစွာဆုံးရှုံးသလို ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍ၊ သက်ဆိုင်ရာတာဝန်ရှိတဲ့ အစိုးရနဲ့ အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍကလည်း ပြည်သူ့ကြားမှာ ကောင်းတဲ့အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်လွှတ်တော်ကတစ်ဆင့် တင်ပြချင်တာက ပြည်သူ့ဘဏ္ဍာငွေများကို စနစ်တကျသုံးစွဲဖို့နဲ့ စည်းမျဉ်းစည်းကမ်းနှင့်အညီ မသုံးစွဲဘူးဆိုလို့ရှိရင် ထိုက်သင့်တဲ့အရေးယူမှု၊ အပြစ်ပေးမှုတွေ မရှိဘူးဆိုရင်တော့ ကျွန်တော်တို့နိုင်ငံဟာ အခုလိုပဲ အခက်အခဲတွေကြားက ထိုက်သင့်တဲ့အရေးယူမှု၊ အပြစ်ပေးမှုတွေ မရှိဘူးဆိုရင်တော့ ကျွန်တော်တို့ နိုင်ငံက အခုလိုပဲ အခက်အခဲတွေကြားက ကျော်လွှားဖို့အခက်အခဲဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြောနေတဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုဆိုတာ အပြောပဲ ဖြစ်နေလို့မရပါဘူး။ လက်တွေ့အလုပ်ပါမှ ဖြစ်ပါမယ်။ ဒီနေ့အစိုးရက ပြည်သူ့အစိုးရပါ။ ဒီမိုကရေစီနည်းလမ်းစနစ်နဲ့ဆောင်ရွက်ထားတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီလို ပျက်ကွက်မှုတွေ၊ လစ်ဟာမှုတွေ ကျွန်တော်တို့ ဆက်ပြီးတော့ ရှိနေမယ်ဆိုရင် ရှေ့သွားမယ့်ခရီးမှာ နိုင်ငံအတွက်၊ အစိုးရအတွက်၊ ကျွန်တော်တို့ ကိုယ်စားလှယ်များအတွက် အခက်အခဲရှိနိုင်တဲ့အတွက် မေးခွန်းပေါ်၊ ဖြေတဲ့ပေါ်မူတည်ပြီးတော့ ပြန်လည်မေးမြန်းခြင်းဖြစ်ပါတယ်။ သို့ရာတွင် ဘယ်လို

ပဲဖြစ်ဖြစ် ခုနက ဒုတိယဝန်ကြီးကပြောပါတယ်။ တစ်ဦးချင်းတစ်ဦးချင်းမေးတဲ့ကိစ္စကိုပြင်ပမှာ ဆွေးနွေးတယ်။ ညှိနှိုင်းတယ်ဆိုတာလဲ ကောင်းပါတယ်။ သို့ရာတွင် ဒီဟာသည် လွှတ်တော်ကို တင်ပြလာတဲ့ ကိစ⊞စမှာ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့လည်း ဒီလိုသိပြီဆိုလို့ရှိရင် ဒီလိုပဲပြောဆို ဆွေးနွေးမှသာ ပိုမိုကောင်းမွန်တဲ့ ရလဒ်များရနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဆွေးနွေးခြင်းဖြစ်ပါတယ်။

**ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ရာတွင် သက်ဆိုင်ရာကုမ္ပဏီများက မြေနေရာရွေးချယ်ရာတွင် မည်သို့သောစည်းကမ်းချက်များနှင့် ဆောင်ရွက်ရမည်ဟု သတ်မှတ်ချက်များ ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက⊞ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဆက်သွယ်ရေးနှင့်သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာနနှင့် စပ်လျဉ်းတဲ့မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်နေတာကို တွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်မှာ လည်း ဆက်သွယ်ရေးတာဝါတိုင်များ ဆောက်လုပ်လျက်ရှိတာကို တွေ့ရပါတယ်။ ယခုအခါ မြန်မာ့ဆက်သွယ်ရေးသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပါ ဝင်ရောက်လာပြီး ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်လျက်ရှိတာကို တွေ့ရပါတယ်။ ဝမ်းသာကြိုဆိုရမှာဖြစ်ပါတယ်။ သို့သော်လည်း ယခုအခါ မြေပြင်အောက်ခြေအနေအထားမှာ မြို့တွင်းနှင့်ကျေးရွာအတွင်း တာဝါတိုင်များစိုက်ထူရာတွင် ကန့်ကွက်မှုများဖြစ်ပေါ်နေသဖြင့် လုပ်ငန်းအဆင်မပြေမှုများဖြစ်နေကြောင်း ကြားသိရပါတယ်။ တမူးခရိုင်အတွင်းမှာပင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများဟာ ဒေသခံပြည်သူများကို နားလည်မှုရှိစေရန် ရှင်းလင်းပြောကြားမှုများ မပြုလုပ်ဘဲ ၎င်းတို့ရဲ့သဘောအတိုင်း ဆောင်ရွက်နေသည်ဟု ဒေသခံပြည်သူများက ထင်မြင်ယူဆနေကြပါတယ်။ ပွင့်လင်းမြင်သာမှုမရှိဟုလည်း ပြည်သူများက ယုံကြည်နေကြပါတယ်။ ဒါကြောင့် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်

တဲ့နေရာမှာ မြေနေရာရွေးချယ်ခြင်း၊ ငှားရမ်းခြင်းများလုပ်ဆောင်ကြတဲ့အခါမှာ စည်းကမ်းချက်များ ရှိမည်ဟုဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ဆက်သွယ်ရေး တာဝါတိုင်များ တည်ဆောက်ရာတွင် အောက်ခြေဒေသခံပြည်သူများနှင့် အဆင်ပြေစေရန် သက်ဆိုင်ရာကုမ္ပဏီများက မြေနေရာရွေးချယ်ရာတွင် မည်သို့သောစည်းကမ်းချက်များနှင့် ဆောင်ရွက် ရမည်ဟု သတ်မှတ်ထားချက်များရှိ/မရှိ၊ ရှိပါက သတ်မှတ်ထားသောစည်းကမ်းချက်များကို ရှင်းလင်း ဖြေကြားပေးနိုင်ပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ကျွန်တော့် အနေနဲ့ လေးစားစွာဆန္ဒပြုအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ရာမှာ အောက်ခြေ ဒေသခံပြည်သူများနှင့် အဆင်ပြေစေဖို့အတွက် သက်ဆိုင်ရာကုမ္ပဏီများက မြေနေရာရွေးချယ်ရာမှာ မည်ကဲ့သို့သောစည်းကမ်းချက်များနှင့် ဆောင်ရွက်ရမည်ဟု သတ်မှတ်ထားခြင်းများရှိ/မရှိ၊ ရှိခဲ့လို့ရှိရင် လည်း သတ်မှတ်ထားသောစည်းကမ်းချက်များကို ရှင်းလင်းပေးဖို့ဆိုပြီးတော့ မေးခွန်းမေးလာပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ စည်းကမ်းသတ်မှတ်ချက်များရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုအတွက် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းရယ်၊ နောက်တစ်ခါ လိုင်စင်ရယူထားတဲ့ Operator များဖြစ်တဲ့ Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့အပြင် တာဝါတိုင် တည်ဆောက် ခွင့်လိုင်စင်ရရှိထားတဲ့ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေကို တာဝါတိုင်တွေတည်ဆောက်မယ့် မြေနေရာကို မိုဘိုင်းဖုန်းတွေဆက်သွယ်မှု အဆင်ပြေချောမွေ့အောင် ဦးစွာ အစိုးရပိုင်မြေနေရာ၊ ဌာနဆိုင်ရာမြေ နေရာတွေနှင့် မြေလွတ်မြေရိုင်းတွေကို ဦးစားပေးရွေးချယ်ခိုင်းပြီးတော့ မရရှိတဲ့အခါမှသာ ပုဂ္ဂလိက ပိုင်မြေနေရာများကို ရှာဖွေဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

**မူကြမ်း**

ဒါ့အပြင် ကျွန်တော်တို့ တာဝါတိုင်တွေ တည်ဆောက်တဲ့အခါမှာ အခြားတည်ဆောက်ပြီးတဲ့ ၄၅ မီတာ အမြင့် တာဝါတိုင်ရှိလို့ရှိရင် အကွာအဝေး မီတာ ၁၅၀ ခွာပြီးတော့ဆောက်ဖို့၊ ၄၅ မီတာ အထက်မြင့်တဲ့တာဝါတိုင်တွေရှိလို့ရှိရင် အကွာအဝေး မီတာ ၂၀၀ ခွာပြီးတော့ဆောက်ဖို့ စသဖြင့် သတ်မှတ်ပေးထားသလို အဓိကအချက်ကြီး(၁၂)ချက်ကိုလည်း ကျွန်တော်တို့ စည်းကမ်းသတ်မှတ်ပေးထားခဲ့ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ ဒီတာဝါတိုင်တည်ဆောက်မယ့် ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေအနေနဲ့ (၁) အချက်က ဆောက်လုပ်ခွင့်တောင်းခံခြင်းလျှောက်လွှာ တင်စေပါတယ်။ ဒုတိယအချက်အနေနဲ့ ဆောက်လုပ်မယ့်မြေနေရာရဲ့မြေပိုင်ရှင်၊ ပုဂ္ဂလိကမြေများဖြစ်လို့ရှိရင် မြေပိုင်ရှင်ရဲ့မှတ်ပုံတင်မိတ္တူကို ကျွန်တော်တို့ တင်ပြစေပါတယ်။ ထို့အတူ မြေပိုင်ရှင်ရဲ့သန်းခေါင်စာရင်းမိတ္တူကို တင်ပြစေပါတယ်။ နောက်တစ်ခါ အချက်(၄)အနေနဲ့ အရပ်လေးမျက်နှာအိမ်နီးချင်းများရဲ့ Tower တည်ဆောက်မှုကို ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်များ ရယူပြီးဆောင်ရွက်ပါတယ်။ နောက် (၅)အချက်အနေနဲ့ ကျေးရွာ (သို့မဟုတ်) ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထပ်ဆင့်ထောက်ခံချက်ရယူပါတယ်။ (၆) အချက်အနေနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ (၇) အချက်အနေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်၊ (၈)အချက်အနေနဲ့ Tower တည်ဆောက်မည့် Company ရဲ့ မှတ်ပုံတင်မိတ္တူ (၉)အချက်အနေနဲ့ Tower အတွက် Detail Design and Drawings ဒါကို လိုင်စင်ရအင်ဂျင်နီယာတစ်ဦးရဲ့လက်မှတ်နဲ့ ကျွန်တော်တို့ ရယူပါတယ်။ (၁၀)အနေနဲ့ Design Drawings စိစစ်လက်မှတ်ရေးထိုးပေးထားတဲ့ လိုင်စင်ရအင်ဂျင်နီယာရဲ့လိုင်စင်မိတ္တူ (၁၁)အချက်အနေနဲ့ တည်ဆောက်မည့် Site ရဲ့ Google Map မြေပုံနှင့် လိပ်စာအပြည့်အစုံ၊ နောက်တစ်ခါ (၁၂) အချက်အနေနဲ့ တည်ဆောက်မှုဆောင်ရွက်ရာမှာ တစ်စုံတစ်ရာပျက်စီးမှု၊ ထိခိုက်မှုတွေရှိမယ်ဆိုရင် အလုံးစုံတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးပါမယ်ဆိုတဲ့ဝန်ခံချက်တွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။

ကျွန်တော်တို့ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေနဲ့ ခွင့်ပြုထားတဲ့ ကုမ္ပဏီ/လုပ်ငန်းရှင်တွေကို တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းကို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းရှိ/မရှိ စိစစ်ဆောင်ရွက်ပြီးတော့ အငြင်းပွားမှုတွေ၊ တိုင်ကြားမှုတွေရှိလာလို့ရှိရင်လည်း ကျွန်တော်တို့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တာဝါတိုင်ဘေးပတ်ဝန်းကျင်မှာ အန္တရာယ်မရှိစေဖို့ စနစ်တကျဆောင်ရွက်စေသလို သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ဖို့ညွှန်ကြားထားပြီး လိုက်နာခြင်းရှိ/မရှိကို

လည်း လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တည်း မေးလိုတဲ့မေးခွန်းကတော့ မြန်မာ့ဆက်သွယ်ရေးက ဆောင်ရွက်တဲ့လုပ်ငန်းတွေမှာ တာဝါတိုင် စိုက်ထူမယ့်နေရာတွေရွေးချယ်တဲ့အခါမှာ မြို့နယ်နဲ့ခရိုင်မှာရှိတဲ့ စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ ရပ်မိရပ်ဖတွေနဲ့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းပြီးတော့မှ နေရာကိုရွေးချယ်ကြတာဖြစ်ပါတယ်။ ဒီကုမ္ပဏီတွေက အဲဒီလိုဆောက်တဲ့အခါမှာ ခုနကပြောတဲ့အတိုင်းလုပ်မယ်ဆိုရင် ခုနက ကျွန်တော်ပြောခဲ့တဲ့ မြန်မာ့ဆက်သွယ်ရေးက ဆောင်ရွက်သလိုမျိုးညှိနှိုင်းပြီးတော့မှ ဆောင်ရွက်မယ်ဆိုရင် မစခင်ကတည်းက ညှိနှိုင်းပြီးတော့ ဒီနေရာမှာ အားလုံးရဲ့လက်မှတ်ကို ယူထားခဲ့မယ်ဆိုရင် အခုလိုကန့်ကွက်မှုမျိုးတွေမဖြစ်ပေါ်နိုင်တာကိုတွေ့ရပါတယ်။ အခု အများဆုံးကန့်ကွက်နေတာတွေက အိမ်တစ်အိမ်မှာ ဒီတာဝါတိုင်မြေနေရာစိုက်ထူလို့ ပန္နက်ချလိုက်တာနဲ့ အိမ်ပတ်ဝန်းကျင်လေးအိမ်၊ ငါးအိမ်လောက်က စတင်ကန့်ကွက်နေတာဆိုတဲ့အတွက် ဒါခုနက ဒုတိယဝန်ကြီးပြောခဲ့တဲ့ ပတ်ဝန်းကျင်အိမ်တွေရဲ့ ကန့်ကွက်ရန်ရှိ/မရှိဆိုတဲ့ဟာကို မယူခဲ့ဘူးဆိုတာ ဒါရှင်းနေပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးကို အောက်ခြေမှာ သက်ဆိုင်ရာကုမ္ပဏီများကို ပြန်လည်ကြီးကြပ်ပေးဖို့ အစီအစဉ်ရှိ/မရှိလေး တစ်ဆက်တည်း မေးမြန်းလိုခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန)** ။ ။ ဦးခင်မောင်ရွှေမေးတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ လက်ရှိမှာလည်း အလားတူတိုင်စာများရောက်နေပါတယ်။ ဖြေရှင်းပေးလျက်ရှိပါတယ်။ ပထမဦးစွာ တချို့မြို့နယ်တွေနဲ့၊ တချို့ကျေးရွာတွေမှာ တာဝါတိုင်တည်ဆောက်မှုနှင့်စပ်လျဉ်းပြီးတော့ မြေရွေးချယ်တဲ့အခါမှာ သဘောတူကြပါတယ်။ ဒီကုမ္ပဏီများအနေနဲ့ တာဝါတိုင်တည်ဆောက်တဲ့အခါမှာလည်း မြေကွက်အနေအထားနဲ့ ဒေသအခြေအနေပေါ်မူတည်ပြီးတော့ ဒီမြေပိုင်ရှင်ကို ပိုက်ဆံပေးရတာရှိပါတယ်။ သို့သော်လည်း ဒီမြေကွက်ငှားတည်ဆောက်ခြင်းအတွက် ခွင့်ပြုတဲ့ကာယကံရှင်မြေပိုင်ရှင်များအနေနဲ့ ငွေကြေးရရှိသော်လည်း ဘေးအနီးနားပတ်ဝန်းကျင်က အချို့အချို့သောပုဂ္ဂိုလ်များအနေနဲ့တော့ ဒီငွေကြေးရယူခြင်းမရှိပါဘူး။ သူ့မြေမဟုတ်တဲ့အတွက်။ သို့သော်ငြားလည်း တချို့က ဒါနဲ့စပ်လျဉ်းပြီးတော့ သူတို့မှမထောက်ခံလို့ရှိရင် ငွေကြေးကိစ္စရပ်များဆောင်ရွက်တဲ့

အခါမှာ မပြေလည်မှုန်းသိတဲ့အတွက် ဒါနဲ့ပတ်သက်ပြီးတော့လည်း အချင်းချင်း မပြေမလည်လုပ်ကြကိုင်ကြတဲ့အပိုင်းတွေလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စတွေ အစစအရာရာအဆင်ပြေအောင် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအဆင့်နှင့် မြို့နယ်အဆင့်ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာကုမ္ပဏီများနှင့် တစ်စိုက်မတ်မတ် ဆောင်ရွက်ပေးသွားမှာဖြစ်သလို ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း လက်ရှိမှာလည်း ပြဿနာများ အလားတူ တောက်လျှောက်ရှိနေပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ဒါကို ကျွန်တော်တို့ တောက်လျှောက်ကြပ်မတ်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အပေးသင်တက္ကသိုလ်မှ ဘွဲ့ရနှင့် နေ့ကျောင်းတက်တက္ကသိုလ်များမှ ဘွဲ့ရအရည်အချင်းသတ်မှတ်ရာ၌ တူညီမှုရှိ/မရှိနှင့် အစိုးရဝန်ထမ်းအလုပ်လျှောက်ထားရာတွင် ခွဲခြားဆုံးဖြတ်သတ်မှတ်ခြင်းများ ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မက ပညာရေးနဲ့ပတ်သက်လို့ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးကိစ္စ နည်းနည်းလေး ရှင်းပြပါမယ်။ 2nd March, 1962 မှာ တော်လှန်ရေးကောင်စီက အာဏာသိမ်းပြီး နောက်ပိုင်းမှာ ၁၉၆၄ ခုနှစ်ကစပြီးတော့ ဆိုရှယ်လစ်စနစ်ကို ပြောင်းတဲ့အတွက်ကြောင့် ၁၉၆၄ ကစပြီးတော့ ကျောင်းတွေကို ပြည်သူပိုင်သိမ်းခဲ့ပါတယ်။ အဲဒီတော့ ၁၉၆၄ မှာ သူက ဆိုရှယ်လစ်စနစ်ဆိုတော့ ဘယ်လိုသဘောထားခဲ့သလဲဆိုတော့ အကုန်လုံးက တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေပဲ ဖြစ်ရမယ်ဆိုသည့်အတွက် ဒီ Human Resource တွေအကုန်လုံးသည် ကုန်ထုတ်လုပ်စွမ်းအားဆိုပြီးတော့ ကုန်ထုတ်စွမ်းအားစုထဲမှာရှိတဲ့ သက်ရှိလူတွေကို ကုန်ထုတ်ကိရိယာအဖြစ်နဲ့ သတ်မှတ်ခဲ့ပြီးတော့ ဒီကုန်ထုတ်လုပ်မှုမှာ လိုအပ်တဲ့မေဂျာတွေကို ထပ်ပြီးခွဲပြီးတော့ ပညာရေးအဆင့်အတန်းနိမ့်အောင် လုပ်လိုက်ပါတယ်။ ၁၉၆၄ မှာ မေဂျာတွေခွဲပြီးတော့ ပညာရေးအဆင့်အတန်းလုပ်ပြီးတဲ့ နောက်ပိုင်း ဒီကျောင်းသားတွေနဲ့ပတ်သက်လို့ ဆူပူမှုတွေ၊ ဘာတွေ လျော့နည်းအောင်လို့ဆိုပြီးတော့ လူစုကွဲသွားအောင်ဆိုပြီးတော့ တစ်ခါ ၁၉၇၅ မှာ ဥပဒေမရှိဘဲနဲ့ နေ့ကျောင်းတက်တဲ့လူတွေက ဒေသကောလိပ်တက်ဖို့လုပ်ပါတယ်။ ဒါကြောင့်မို့လို့ အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နေကြတဲ့သူတွေဆိုလို့ရှိရင်

အဝေးသင်တက္ကသိုလ်ဆိုပြီးတော့ တစ်ခါပြန်ပြီးတော့ လူစုခွဲတဲ့သဘောမျိုး စနစ်က လုပ်ခဲ့ပါတယ်။ အဲဒီတော့ ၁၉၇၅ ခုနှစ်မှာ ဒီဒေသကောလိပ်တက်ခဲ့တဲ့အတွက်ကြောင့်မို့လို့ လေးနှစ်သင်ရမယ့် သင်တန်းကို ဒေသကောလိပ်မှာ နှစ်နှစ်အချိန်ကုန်ပြီးတော့ ပညာရည်အဆင့်အတန်းမမီတဲ့ ဘွဲ့ရပညာ မတတ်တွေ မွေးထုတ်ပြီးသားဖြစ်ပါတယ်။

အဲဒီတော့ ဘွဲ့ရပညာမတတ်မွေးထုတ်တဲ့အတူတူ ဒီစာပေးစာယူတက္ကသိုလ်သည်လည်း တက္ကသိုလ်လို့ခေါ်သည့်အတွက် အစိုးရရဲ့လက်အောက်ခံ၊ ပညာရေးဝန်ကြီးဌာနရဲ့လက်အောက်ခံ လည်းဖြစ်ပါတယ်။ အဲဒီတော့ အဲဒီကြားထဲက ခွဲခြားဆက်ဆံခြင်းခံရတဲ့အတွက်ကြောင့် ကျွန်မ ဒီမေးခွန်း မေးခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ ၁၉၉၃ မှာလည်း တစ်ခါဖြစ်ခဲ့သေးပါတယ်။ ၁၉၉၃ မှာ ဆယ်တန်းအောင်တဲ့သူတွေက သက္ကရာဇ် ၂၀၀၀ ကျမှ ဘွဲ့ရပါတယ်။ လေးနှစ်တက်ရမယ့်ဘွဲ့ကို ခုနစ်နှစ် တက်ရပါတယ်။ ခုနစ်နှစ်တက်ပြီးတော့ Master တက်၊ Ph.D တက်တော့ ၁၀ နှစ်ကျော်ကျော် သူက ဒီပညာရေးအတွက်ကို လုံးဝအချိန်တွေအကုန်ခံပြီးတက်ပေမယ့် အဲဒီအချိန်မှာ ဒီ Master တက်တဲ့သူတွေ Tutor/Demonstrator ခေါ်တဲ့အခါကျတော့ အသက်ကိုလျှော့ပေါ့ပြီး မစဉ်းစားပေး တဲ့အတွက်ကြောင့် ၁၀ နှစ်တိတိကျောင်းမှာအချိန်ကုန်ပြီးတော့ ဆရာဆရာမမရလို့ စာရေးစာချီဝင်လုပ် ရတဲ့ ဒုက္ခသည်တွေလည်းရှိပါတယ်။ အဲဒီတော့ တိုင်းပြည်ရဲ့စနစ်ကြောင့်မို့လို့ လူတွေဟာ အမျိုးမျိုး ဒုက္ခရောက်ခဲ့တာ ကျောင်းသားကျောင်းသူတွေရဲ့ Career Opportunity မှာ ဒုက္ခရောက်ခဲ့တာကို အနည်းငယ်တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ပထမမေးခွန်းနဲ့ပတ်သက်ပြီးတော့ အဝေးသင် တက္ကသိုလ်ကနေပြီးတော့ ဘွဲ့ရနဲ့ နေ့ကျောင်းတက်တဲ့တက္ကသိုလ်တွေကနေဘွဲ့ရတွေကို အရည်အချင်း သတ်မှတ်ရာမှာ တူညီမှုရှိ/မရှိ၊ နောက်တစ်ခုက အစိုးရဝန်ထမ်းအလုပ်လျှောက်တဲ့အခါမှာ အဝေးသင် တက္ကသိုလ်မှဘွဲ့ရများ လျှောက်ထားရန် အကျုံးဝင်မှုရှိ/မရှိ၊ နေ့ကျောင်းတက်တက္ကသိုလ် ဘွဲ့ရများနှင့် ခွဲခြားသတ်မှတ်ဆုံးဖြတ်ခြင်းများရှိ/မရှိ၊ နောက်တစ်ခု ခွဲခြားဆုံးဖြတ်သတ်မှတ်ခြင်း၊ ခန့်ထားခြင်းပြုလုပ် ပါက အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရသူများနစ်နာဆုံးရှုံးမှုမဖြစ်စေရေးအတွက် စီမံဆောင်ရွက်ထားမှု များရှိ/မရှိနှင့် မည်သို့ပြုပြင်ဆောင်ရွက်သွားမည့် အစီအမံများရှိကြောင်း သိလိုပါ သည်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျွန်တော်ရိုသေလေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ အခုနက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက အစိုးရဝန်ထမ်းအလုပ်လျှောက်ထားရာမှာ အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရနှင့် နေ့ကျောင်းတက်တက္ကသိုလ်များမှ ဘွဲ့ရဟူ၍ ခွဲခြားဆုံးဖြတ်သတ်မှတ်ခြင်းရှိ/မရှိဆိုတဲ့ အချက်သုံးချက်ပါ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းလာခြင်းနှင့်ပတ်သက်ပြီး ကျွန်တော်ဆက်လက်ပြီးတော့ ရှင်းလင်းဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ပထမအချက်ဖြစ်တဲ့ အဝေးသင်တက္ကသိုလ်မှဘွဲ့ရနှင့် နေ့ကျောင်းတက်တက္ကသိုလ်များမှ ဘွဲ့ရအရည်အချင်းသတ်မှတ်ရာ၌ တူညီမှုရှိ/မရှိဆိုတာနဲ့ပတ်သက်ပြီးတော့ အဝေးသင်ကတ္တသိုလ်များမှာ သင်ကြားပို့ချပေးတဲ့ သင်ရိုးညွှန်းတမ်းများနှင့် သင်ရိုးမာတိကာများအားလုံးဟာ ပုံမှန်တက္ကသိုလ် သင်တန်းများမှာ သင်ကြားပို့ချပေးတဲ့ သင်ရိုးညွှန်းတမ်းများနှင့် သင်ရိုးမာတိကာများအတိုင်း ထပ်တူထပ်မျှဖြစ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ နောက် ဘာသာရပ်ဆိုင်ရာသင်ကြားရေးအဖွဲ့ (Board of Study) အစည်းအဝေးများမှာလည်း အဝေးသင်တက္ကသိုလ်နှင့် ပုံမှန်တက္ကသိုလ်သင်တန်းများမှာ သင်ကြားပို့ချမည့် သင်ရိုးညွှန်းတမ်းများနဲ့ သင်ရိုးမာတိကာများကို တူညီမှုရှိစေဖို့ ညှိနှိုင်းဆွေးနွေးပြီး ထို့ပြင် ပညာသင် ကာလနဲ့ပေးတဲ့ Credit Unit များကိုလည်း တူညီတဲ့အတွက် အဝေးသင်တက္ကသိုလ်မှဘွဲ့ရနဲ့ နေ့ကျောင်းတက်တက္ကသိုလ်များမှဘွဲ့ရများရဲ့ အရည်အချင်းသတ်မှတ်တဲ့နေရာမှာ တူညီမှုရှိပါတယ်ဆိုတဲ့အကြောင်း ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် ကျွန်တော်တို့ သဘောထားမှတ်ချက်ကို တောင်းခံရယူပြီးတော့ ပထမအချက်ကို ရှင်းလင်းဖြေကြားတင်ပြခြင်းဖြစ်ပါတယ်။

ကျန်တဲ့ မေးခွန်းရဲ့ဒုတိယအချက်ဖြစ်တဲ့ အစိုးရဝန်ထမ်းအလုပ်လျှောက်ထားရာတွင် အဝေးသင်တက္ကသိုလ်ဘွဲ့ရများနှင့် ခွဲခြားဆုံးဖြတ်သတ်မှတ်ခြင်းများရှိ/မရှိ။ နောက်တစ်ဆက်တည်းမှာပဲ တတိယအချက်ဖြစ်တဲ့ ရှိခဲ့လို့ရှိရင် အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရသူများ နစ်နာဆုံးရှုံးမှုမဖြစ်ရစေရန်အတွက် စီမံဆောင်ရွက်ထားရှိမှုများရှိ/မရှိ၊ မည်သို့ပြုပြင်ဆောင်ရွက်သွားမည့်အစီအမံများရှိကြောင်း သိလိုခြင်း ဒီနှစ်ချက်ပါ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော် တစ်ပေါင်းတည်း ရှင်းလင်းဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တာဝန်ယူရတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေများ နည်းဥပဒေ ၇ မှ နည်းဥပဒေ ၁၈ အထိ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇ စသည်တို့မှာ သတ်မှတ်ပြဋ္ဌာန်းထားတာနှင့်အညီ

ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကနေပြီးတော့ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် ရာထူးနေရာ လစ်လပ်မှုရှိသဖြင့် ပြင်ပပုဂ္ဂိုလ်များ ခန့်အပ်လိုကြောင်း အဆိုပြုလာတဲ့အခါမှာ ကြော်ငြာခေါ်ယူပေးတာ၊ ရေးဖြေစာမေးပွဲတွေစစ်ဆေးပေးတာ၊ စိတ်အခြေအနေစစ်ဆေးတာ၊ နောက်ဆုံးအဆင့်အနေနဲ့ လူတွေ့စစ်ဆေးခြင်းများ ဒါတွေကို အဆင့်ဆင့်ဆောင်ရွက်ပြီးမှသာ အဆိုပြုတဲ့အရေအတွက်အတိုင်း ရွေးချယ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ဖွဲ့စည်းပုံပါ လစ်လပ်ရာထူးနေရာအတွက် အတည်ပြုခန့်ထားမယ့်ဝန်ထမ်းရဲ့ ပညာအရည်အချင်း၊ နောက်ပြီး အသက်ကိုတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ ၄၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၇ တို့ပါ သတ်မှတ်ပြဌာန်းချက်များနှင့်အညီ လုပ်ငန်းပိုင်းဆိုင်ရာလိုအပ်ချက်အရ ခေါ်ယူခန့်ထားမယ့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့ကသာလျှင် သတ်မှတ်ပေးခြင်းဖြစ်ပါကြောင်းလည်း အသိပေးတင်ပြအပ်ပါတယ်။

ကျွန်တော့်တို့အနေနဲ့ ယနေ့အချိန်အထိ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတွေကနေပြီး အဆိုပြုချက်အရ အရာထမ်းအဆင့်ဝင်ပေါက်ရာထူးအတွက် ကြော်ငြာခေါ်ယူတဲ့နေရာမှာ အဝေးသင်တက္ကသိုလ်ဘွဲ့၊ နေ့ကျောင်းတက်တက္ကသိုလ်ဘွဲ့ဟူ၍ တစ်ကြိမ်တစ်ခါမှ ခွဲခြားသတ်မှတ်ခေါ်ယူခဲ့ခြင်းမရှိခဲ့သလို ရေးဖြေအောင်မြင်ပြီးတဲ့ပုဂ္ဂိုလ်များကိုလည်း လူတွေ့စစ်ဆေးတဲ့အခါမှာ အဝေးသင်တက္ကသိုလ်ဘွဲ့ရ၊ နေ့ကျောင်းတက်တက္ကသိုလ်ဘွဲ့ရဆိုပြီးတော့ ခွဲခြားပြီးတော့ ရွေးချယ်ခြင်း အလျဉ်းမရှိကြောင်းကို တင်ပြလိုပါတယ်။ အမိကအနေနဲ့တော့ အရည်အချင်းပြည့်မီပြီး နိုင်ငံ့ဝန်ထမ်းကောင်းဖြစ်လာနိုင်မယ့်သူများကို အတတ်နိုင်ဆုံး မှန်ကန်မျှတစွာဖြင့် စစ်ဆေးရွေးချယ်ပေးလျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ ဥက္ကဋ္ဌကြီးရှင့်။ တစ်ဆက်တစ်စပ်တည်း မေးခွန်းသဘောဖြစ်သော ကိစ္စလေးတစ်ခု ဆက်လက်တင်ပြပါရစေ။ ဒီအဝေးသင် တက္ကသိုလ်တွေ၊ နောက် ဝိဇ္ဇာသိပ္ပံ၊ စီးပွားရေးတက္ကသိုလ်တွေ၊ လေးနှစ်သင်တန်းတက္ကသိုလ်တွေကို သုံးနှစ်ပြောင်းတဲ့အတွက်ကြောင့်မို့လို့ သုံးနှစ်နဲ့ဘွဲ့ရတဲ့သူတွေကို နိုင်ငံခြားတက္ကသိုလ် ဆက်ပြီးတော့ သင်တဲ့အခါကျတော့ နိုင်ငံခြားတက္ကသိုလ်တွေက အသိအမှတ်မပြုပါဘူး။ အဲဒီတော့ သုံးနှစ်လည်း ဘွဲ့ရသေးတယ်။ နောက်ထပ်လည်း ပညာဆက်သင်ခွင့်မရတဲ့ကိစ္စတွေ အားလုံးသိရှိနိုင်ရန် ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဖြေစရာမလိုပါဘူး။ ဒီကိစ္စကလည်း ပညာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားနေရန် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ဆရာမများ၊ တရားရေး၊ ဥပဒေရေးရာအတွေ့အကြုံရှိ ဝန်ထမ်းများအား အခြားနိုင်ငံများနည်းတူ နိုင်ငံတော်၏ အကျိုးအတွက် ဝန်ထမ်းများ၏ သက်တမ်း တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး (အင်းတော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲမင်္ဂလာပါခင်ဗျ။ ကျွန်တော်မေးချင်တဲ့မေးခွန်းက နိုင်ငံ့ဝန်ထမ်းများရဲ့သက်တမ်း တစ်နည်းအားဖြင့် ဝန်ထမ်းလုပ်သက်ကို သက်တမ်းတိုးမြှင့်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးချင်တာဖြစ်ပါတယ်။ မေးရတဲ့အကြောင်းကတော့ ကျွန်တော်တို့နိုင်ငံဟာလည်းပဲ ဒီနေ့ဆိုရင် လူမှုစီးပွားအခြေနေအရပ်ရပ်က တော်တော်လေး ကျွန်တော်တို့ တိုးတက်လာပြီ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံဝန်ထမ်းများရဲ့ သက်တမ်းကို တိုးမြှင့်ပေးဖို့ ဘယ်လိုများစီစဉ်ထားလဲဆိုတာ သိလိုပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးက နိုင်ငံ့ဝန်ထမ်းများရဲ့စွမ်းဆောင်ရည် စဉ်ဆက်မပြတ်မြင့်မားနေရန် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဘာသာရပ်သင် ဆရာ/ဆရာမများ၊ တရားရေး၊ ဥပဒေရေးရာအတွေ့အကြုံရှိဝန်ထမ်းများ တစ်စတစ်စ လျော့နည်းလာသည်ကို တွေ့ရှိရပါသဖြင့် အခြားသောနိုင်ငံများနည်းတူ နိုင်ငံတော်၏အကျိုးအတွက် ဝန်ထမ်းများ၏သက်တမ်းကို တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလားတူပဲ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေက နိုင်ငံ့ဝန်ထမ်းများကို ခွင့်ပြုထားသည့် ပင်စင်ခံစားခွင့်

ခုနှစ်မျိုးရှိသည့်အနက် သက်ပြည့်ပင်စင်နှင့်ပတ်သက်ပြီး မူလအသက် ၆၀ ပြည့်ဟု သတ်မှတ်ခဲ့ရာမှ သုံးနှစ်တိုးပြီး ၆၃ နှစ်ပြည့်မှသာ သက်ပြည့်ပင်စင်သတ်မှတ်မည်ဖြစ်ကြောင်း သတင်းစကားများသည် မှန်ကန်မှုရှိ/မရှိ သက်ဆိုင်ရာမှ အမြန်ဆုံးပြန်ကြားရှင်းလင်းပေးနိုင်ပါရန်ဆိုပြီး ကြယ်ပွင့်ပြမေးခွန်း တစ်ခုကို မေးမြန်းခဲ့ဘူးပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ကပဲ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၀ တွင် ဝန်ထမ်းတစ်ဦးအငြိမ်းစားယူရမည့်နေ့ရက်သည် ယင်းဝန်ထမ်း အသက် ၆၀ နှစ်ပြည့်သည့်နေ့ရက်ဖြစ်သည်ဟူ၍ အတိအကျ သတ်မှတ်ထားပါကြောင်း၊ သို့အတွက် လောလောဆယ်တွင် ဝန်ထမ်းတစ်ဦးအငြိမ်းစားယူရမည့်အသက် ၆၀ နှစ်ပြည့်လျှင် သက်ပြည့်ပင်စင် ခံစားခွင့်ရှိမည်ဖြစ်ပါကြောင်း၊ အသက် ၆၃ နှစ်ပြည့်မှသာ သက်ပြည့်ပင်စင်သတ်မှတ်မည်ဖြစ်ကြောင်း သတင်းစကားများဟာလည်း မှန်ကန်မှုမရှိပါကြောင်းကို ရှင်းလင်းဖြေကြားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်နိုင်ဌေး မေးမြန်းခဲ့တဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် ရှင်းလင်းဖြေကြားရပါလျှင် နိုင်ငံ့ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်အသက်ကို သတ်မှတ် တဲ့နေရာမှာ နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံအကြောင်းရင်းများကို ဘက်စုံထောင့်စုံလေ့လာသုံးသပ်ပြီးမှသာ သတ်မှတ်ဆောင်ရွက်လေ့ရှိပါတယ်။ ဒီအချက်အချို့ကို တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံရဲ့လူဦးရေ၊ လူဦး ရေတိုးနှုန်း (Population Growth)၊ နောက် အသက် ၁၅ နှစ် မှ ၆၀ နှစ်ရှိ အလုပ်လုပ်နိုင်တဲ့လူဦးရေ (Labour Force)၊ စာတတ်မြောက်မှုနှုန်း (Literacy Rate)၊ စီးပွားရေးတောင့်တင်းခိုင်မာမှု၊ နောက် နိုင်ငံတော်ရဲ့ GDP၊ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းပုံနှင့်အင်အား၊ နောက် လူတွေရဲ့သက်တမ်း (Life Expectancy)၊ နောက် ကျန်းမာရေးစောင့်ရှောက်မှုစတဲ့အချက်များကို အခြေခံပြီးတော့ စဉ်းစား သတ်မှတ်လေ့ရှိပါတယ်။

ဒါ့အပြင် မိမိနိုင်ငံရဲ့ အခြေခံအကြောင်းရင်းများကိုသာမက ကျွန်တော်တို့ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေ၊ အထူးသဖြင့်ဆိုရင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ လက်ရှိကျင့်သုံးနေတဲ့ အငြိမ်းစားယူရမည့် အသက် သတ်မှတ်ချက်ကိုလည်း လေ့လာနှိုင်းယှဉ်ပြီး အချိုးအစားသင့်တင့်မျှတအောင် သတ်မှတ် ပြဋ္ဌာန်းဖို့ လိုအပ်တဲ့အနေအထားမှာ ရှိပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းမှာ အခြားနိုင်ငံများနည်းတူ နိုင်ငံတော်၏အကျိုးအတွက် ဝန်ထမ်းများ၏သက်တမ်းကို တိုးမြှင့်ပေးရန် ဆိုပြီး သုံးနှုန်းဖော်ပြထားတဲ့အတွက် ကျွန်တော် အနည်းငယ် ဖြည့်စွက်ရှင်းလင်းတင်ပြလိုပါတယ်။ ဒါကတော့ အခု ကျွန်တော်တို့ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံမှာ ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် ရှစ်နိုင်ငံဟာ ဝန်ထမ်းများအငြိမ်းစားယူရမည့်အသက်ကို ၆၀ နှစ်ဆိုပြီး သတ်မှတ်ကျင့်သုံးနေတာ

အသိပေးတင်ပြလိုပါတယ်။ ဒါတင်မကပါဘူး။ ကျွန်တော်တို့ ဒေသတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ အိမ်နီးချင်း တရုတ်၊ အိန္ဒိယ၊ ဒေသတွင်းက ဂျပန်၊ ကိုရီးယား ဤနိုင်ငံတွေပင်လျှင် ဝန်ထမ်းများရဲ့ အငြိမ်းစားယူရမည့်အသက်ကို လက်ရှိချိန်ခါအထိ ၆၀ နှစ်လို့ပဲ သတ်မှတ်ကျင့်သုံးနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ခုနကတင်ပြခဲ့သည့် အခြေခံအကြောင်းအရင်းများပါ သတင်းအချက်အလက်တို့ကို အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ ချိန်ထိုးပြီး ကျွန်တော် နှိုင်းယှဉ်ကြည့်ပါတယ်။ ဘာသွားတွေ့ရလဲဆိုရင် ကျွန်တော်တို့ ကွာဟမှုတော်တော်ရှိနေတဲ့ အနေအထားကို မြင်တွေ့ရပါတယ်။ အငြိမ်းစားယူရမည့်အသက်ကို လက်ရှိ ၆၀ နှစ်ထက် တိုးမြှင့်သတ်မှတ်ခဲ့မယ်ဆိုလို့ရှိရင် ကြုံတွေ့ရမယ့် ချို့ယွင်းချက်အချို့ကိုလည်း ကျွန်တော် ဒီမှာ တင်ပြလိုပါတယ်။ ဒါကတော့ ဘာဖြစ်လာမလဲဆိုလို့ရှိရင် ရာထူးအဆင့်အလိုက် လစ်လပ်တဲ့နေရာမရှိတဲ့အတွက် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အဆင့်ဆင့်ရာထူးတိုးမြှင့်ရေးအတွက် စဉ်းစားရာမှာ ရာထူးနေရာ ပိတ်ဆို့မှုတွေပေါ်ပေါက်လာမှာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာကြည့်ရင်ကိုပဲ ကျွန်တော်တို့ ဘွဲ့ရလူငယ်တွေကို နိုင်ငံ့ဝန်ထမ်းအဖြစ် အပြည့်အဝခန့်ထားပေးနိုင်ခြင်းမရှိတဲ့အတွက် အလုပ်လက်မဲ့ပြဿနာများပေါ်ပေါက်နေတဲ့အချိန်အခါမှာ အခုလို အငြိမ်းစားယူရမယ့်အသက်ကို တိုးမြှင့်သက်မှတ်ပေးခဲ့မယ်ဆိုရင် ဒီဘွဲ့ရလူငယ်တွေအတွက် အလုပ်အကိုင်ရရှိရေး ပိုမိုပြီးတော့ ကြပ်တည်းလာနိုင်ပါတယ်။ နောက်တစ်ခါ နိုင်ငံ့ဝန်ထမ်းအများစုအနေနဲ့ သက်ပြည့်ပင်စင်ခံစားနိုင်ဖို့အတွက် အချိန်ပိုမိုပြီးတော့ ကြာမြင့်စွာတာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် ကျန်းမာရေး၊ လူမှုရေးစတဲ့ အခက်အခဲတွေကြောင့် သတ်မှတ်တဲ့အသက်မပြည့်မီမှာ အချို့သောဝန်ထမ်းများဟာ အငြိမ်စားယူခဲ့ရင် သူတို့အနေနဲ့ သက်ပြည့်ပင်စင်ခံစားခွင့် နစ်နာဆုံးရှုံးနိုင်မယ့် အနေအထားရှိပါတယ်။ နောက် ယေဘုယျအားဖြင့် ကြည့်မယ်ဆိုရင်လည်း နိုင်ငံ့ဝန်ထမ်းရဲ့အသက်တွေဟာ တဖြည်းဖြည်းပိုပြီးတော့ ကြီးလာသည်နှင့်အမျှ အမှန်အတိုင်းပြောရရင် ကျန်းမာရေးတွေလည်း ကျဆင်းလာပါတယ်။ ဒီအတွက် တစ်ဖက်တစ်လမ်းက နိုင်ငံတော်အနေနဲ့ ဆေးဝါးကုသမှုစရိတ် ပိုမိုကုန်ကျလာနိုင်သလို တစ်ဖက်ကလည်း ဒီဝန်ထမ်းရဲ့ လုပ်ငန်းစွမ်းဆောင်ရည်ကို သူ့ရဲ့ကျန်းမာရေးကျဆင်းမှုအခြေအနေကြောင့် အပြည့်အဝရယူအသုံးပြုနိုင်မယ့်အနေအထား မရှိပါဘူး။ အငြိမ်းစားယူရမယ့်အသက်ကို လက်ရှိ ၆၀ ထက် တိုးမြှင့်ပြီး သတ်မှတ်ခဲ့မယ်ဆိုရင် အာဆီယံနဲ့ တခြားနိုင်ငံများရဲ့ အငြိမ်းစားယူရမယ့်အသက် သူတို့ဆီမှာပေါ်ပေါက်နေတဲ့ တစ်ဦးကျဝင်ငွေရရှိမှု၊ နောက် နိုင်ငံတာကာစံနှုန်းဖြင့် သတ်မှတ်ထားတဲ့ Human Development Index (HDI) တို့လိုမျိုးမှာ မလိုလားအပ်တဲ့ ရှုပ်ထွေးမှုတွေ၊ ဂယက်ရိုက်ခတ်မှု

**မူကြမ်း**

တွေလည်း ကြုံတွေ့လာနိုင်ဖွယ်ရှိတယ်လို့ ဒီလိုပဲ တွေ့မြင်သုံးသပ်ရပါတယ်။ ဒါကြောင့် အချုပ်အနေနဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ သက်ပြည့်ပင်စင်ခံစားရမယ့်အသက်ကို တိုးမြှင့်ပေးရန် လောလောဆယ်မှာ မသင့်တော်ဟု ယူဆပါကြောင်းနဲ့ နိုင်ငံတော်ရဲ့အကျိုး၊ နိုင်ငံ့ဝန်ထမ်းအများစုတို့ရဲ့ အကျိုးကို ထောက်ရှုပြီး ဘက်စုံထောင့်စုံမှ ချိန်ဆဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်-၅/၂၀၀၅) ကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၅/၂၀၀၅) ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးသိန်းညွန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယကဥပဒေအမှတ် (၅/၂၀၀၅) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း ကျွန်တော်တင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ အကျိုးအကြောင်းဖော်ပြချက်တွေကို ဒီနေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီဖြန့်ဝေထားတဲ့အထဲမှာပါတဲ့ အချက်အလက်များကိုတော့ ကျွန်တော် ထပ်မံပြီးတော့ ရှင်းလင်းတင်ပြခြင်းမပြုတော့ပါဘူး။ ဒီမှာ ကျွန်တော်တင်ပြချင်တဲ့အချက်က နှစ်ချက်တည်းပါပဲ။ တစ်ချက်ကတော့ ဒီပြင်ဆင်ချက်တင်ရတဲ့ကိစ္စက သတင်းမီဒီယာတွေမှာ ဖော်ပြချက်အရကို ၂၀၁၃ ခုနှစ်မှာ လူကုန်ကူးမှု ၁၀၂ မှုဖြစ်တယ်။ တရုတ်နိုင်ငံသို့ဦးတည် လူကုန်ကူးမှုက ၅၉ ခုဖြစ်တယ်။ အဲဒီ ၅၉ ခုမှာ အဓမ္မမွေးစားမှုက ၂ မှု ဖြစ်ပြီးတော့ အဓမ္မလုပ်အားခိုင်းစေမှုက ၂ မှု ဖြစ်ပါတယ်။ ကျန် ၅၅ မှုဟာ တရုတ်ဇနီးမယားအဖြစ်ရောင်းစားတဲ့အမှုဖြစ်ကြောင်း သိရပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ရှေ့မှာ ကျွန်တော်တို့ လူဦးရေသန်း ၅၂ သန်းပဲရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးအတွက်

အင်မတန်အရေးကြီးတယ်လို့ ကျွန်တော်ယူဆပါတယ်။ ပြည်သူ့လွှတ်တော် သုတေသနက ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့က ထုတ်ဝေလိုက်တဲ့ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး သုတေသန စာတမ်းမှာဆိုရင် တရုတ်နိုင်ငံလူမှုသိပ္ပံအကယ်ဒမီက ၂၀၂၀ ခုနှစ်မှာ လက်ထပ်နိုင်တဲ့အရွယ်ဖြစ်တဲ့ တရုတ်အမျိုးသားတွေက အသက် ၁၉ နှစ်အရွယ်ကနေ ၄၅ နှစ် အရွယ်ရှိပြီး အမျိုးသမီးဦးရေထက် ၂၄ သန်းပိုများနေတဲ့အတွက် လူကုန်ကူးမှုပြဿနာ ပိုမိုဆိုးရွားနိုင်ကြောင်း ခန့်မှန်းထားပါတယ်။ အခု ကျွန်တော်တို့ ရရှိတဲ့သတင်းတွေအရပဲ တရုတ်နိုင်ငံက မြန်မာအမျိုးသမီးတွေကို အတင်းအဓမ္မ လက်ထပ်ဖို့ ရှမ်းပြည်နယ် လောက်ကိုင်မြို့နယ်မှာ လာရောက်ဝယ်တဲ့အတွက် ဖမ်းဆီးရမိတယ်ဆိုတဲ့ သတင်းလည်း မီဒီယာတွေမှာ ဖော်ပြခဲ့ပါတယ်။ အဲဒီအန္တရာယ်တွေကြောင့် ကျွန်တော်တို့မူလပြင်ဆင်ခဲ့တဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေမှာ ပုဒ်မပေါင်း ၃၈ ခုရှိပါတယ်။ အထူးသဖြင့် အခန်း ၉ ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ ပြဋ္ဌာန်းချက်များက တော်တော်များများ ပြည့်စုံလုံလောက်ပေမယ့် ဘယ်အချက်မှာ လိုနေလည်းဆိုတဲ့အခါကျတော့ အခု တရုတ်နိုင်ငံ ကအတင်းလက်ထပ်ထိမ်းမြားဖို့ ဝယ်ယူတဲ့ကိစ္စနဲ့ပတ်သက်ပြီးရင် ကျွန်တော်တို့နိုင်ငံဘက်က ဝန်ထမ်းတွေကိုယ်တိုင်ကကို စာရွက်စာတမ်းတွေ အတုတွေလုပ်ပေးတာတို့၊ တစ်ဖက်နိုင်ငံက ဝင်ရောက်နိုင်ဖို့ လိုအပ်တဲ့စာရွက်စာတမ်း အထောက်အထားတွေပေးတာတို့ လိမ်လည်လှည့်ဖြားပြီးတော့ မွေးစားတာတို့၊ ထိမ်းမြားလက်ထပ်တာတို့ လုပ်နေတဲ့အချက်များက သတင်းအချက်အလက်များအရ ပေါ်ပေါက်လာတဲ့အတွက် ဒီပြဋ္ဌာန်းထားတဲ့လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြစ်မှုပြစ်ဒဏ်များမှာပုဒ်မ ၂၆ ကို အခုသတ်မှတ်ထားတဲ့ အနည်းဆုံးထောင်ဒဏ် သုံးနှစ်မှ အများဆုံး ထောင်ဒဏ် ခုနှစ်နှစ်အထိအပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်ဆိုတဲ့အချက်ကို ကျွန်တော့်ရဲ့ပြင်ဆင်ချက်က အနည်းဆုံး ထောင်ဒဏ် ငါးနှစ်မှ အများဆုံးထောင်ဒဏ် ဆယ်နှစ်အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်တယ်လို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၂၆ ကိုတော့ လွှတ်တော်ကိုယ်စားလှယ်များသိရှိရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်ဖတ်ကြားပြပါ့မယ်။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ့ကိုအနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံးထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) လူကုန်ကူးမှုကျူးလွန်ရန်အလို့ငှာ လိမ်လည်လှည့်ဖြား၍ သူတစ်ဦးအား မွေးစားခြင်း၊ သို့မဟုတ် ထိမ်းမြားလက်ထပ်ခြင်း၊

(ခ) လူကုန်ကူးခံရသူကို ပြည်ပသို့ထွက်ခွာ နိုင်ရန်ဖြစ်စေ၊ ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန်ဖြစ်စေ၊ လိုအပ်သောစာရွက်စာတမ်းအထောက်အထား စာတမ်းအမှတ်အသား သို့မဟုတ် တံဆိပ်ကို အတုပြုလုပ်ခြင်း သို့မဟုတ် တရားမဝင်ရယူပေးခြင်း ဆိုတဲ့ ပုဒ်မ ၂၆ ကို ပြဋ္ဌာန်းချက်ကို ကျွန်တော်ပြင်ဆင်ထားတဲ့အတိုင်း ပြစ်ဒဏ်တိုးမြှင့်ပေးဖို့ ဒီပြင်ဆင်ချက်ဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတဆင့် ပြည်သူ့လွှတ်တော်သို့ လေးလေးစားစား တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝင်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ယခု ကျွန်မတင်ပြမှာကတော့ ဦးသိန်းညွန့်ရဲ့ အဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်မအနည်းငယ်ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာကတည်းက ကျွန်မတို့ရဲ့ပြည်တွင်းစစ် မငြိမ်မသက်ဖြစ်မှုတွေ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုတွေနဲ့ ဒီအခြေခံလုပ်ခလစာအခွင့်အလမ်းနည်းပါးမှုတွေကြောင့် ကျွန်မတို့နိုင်ငံသူနိုင်ငံသားတွေက အထူးသဖြင့် လူငယ်လူရွယ် ကျွန်မတို့ရဲ့နိုင်ငံအတွက် လုပ်အားတန်ဖိုးအများဆုံး လုပ်ဆောင်ပေးနိုင်တဲ့ လူငယ်အများစုအပြင် အရွယ်မရောက်သေးတဲ့ လူငယ်များပါ မိမိတို့ရဲ့စားဝတ်နေရေးအတွက် မိမိတို့ရဲ့ဇာတိမြေ မြို့ရွာကိုစွန့်ခွာပြီးတော့ ကျွန်မတို့ရဲ့ နိုင်ငံအတွင်း တခြားမြို့ကိုသော်လည်းကောင်း၊ အိမ်နီးနားချင်းနိုင်ငံများကိုသော်လည်းကောင်း နည်းမျိုးစုံနဲ့ လူကုန်ကူးခြင်းခံရတာကို တွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သူတို့တွေဟာ မိမိတို့ရဲ့ ကိုယ်တိုင်ကိုယ်က လူကုန်ကူးခြင်းခံရတာကို ခံရမှန်းမသိဘဲနဲ့ စားဝတ်နေရေးပြေလည်ပါစေတော့ ဆိုတဲ့ အကြောင်းအရာတစ်ခုလေးနဲ့ကို ထွက်သွားရခြင်းဖြစ်ပါတယ်။ ဒါပေမယ့် တကယ့်တကယ် ရောက်သွားတဲ့အခါမှာ မိမိတို့ရဲ့ ရည်ရွယ်ချက်အတိုင်းဖြစ်မလာဘဲနဲ့ များစွာဒုက္ခမျိုးစုံ ခံစားရတာတွေ၊ မလိုလားအပ်တဲ့ ရောဂါတွေကူးဆက်ခံရတာတွေလည်း ရှိလာခဲ့ပါတယ်။ နောက်ဆုံး အသက်အန္တရာယ်ပါဖြစ်လာရတဲ့အထိ ခံစားခဲ့ကြရပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ အဘဦးသိန်းညွန့် ဆွေးနွေးသွားတဲ့ ဒီလူကုန်ကူးမှု ကာကွယ်တားဆီးရေးဥပဒေပုဒ်မ ၂၆ မှာရှိထားပြီးဖြစ်တဲ့ မည်သူမဆိုအောက်ပါ

ပြုလုပ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးနှစ်မှ အများဆုံးထောင်ဒဏ်ခုနစ်နှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဆိုတဲ့ စကားရပ်အစား မည်သူမဆိုအောက်ပါ ပြုလုပ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ငါးနှစ်မှ အများဆုံးထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဆိုတဲ့ စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း ထောက်ခံတင်ပြ အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းတဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ၁၃-၉-၂၀၀၅ ရက်နေ့ မှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေမှာ အခန်းပေါင်း ၁၀ ခန်း နှင့် ပုဒ်မပေါင်း ၃၈ ခုရှိပါတယ်။ ဒီဥပဒေရဲ့ရည်ရွယ်ချက် (၅) ချက်ရှိပြီးတော့ အဲဒီထဲက တစ်ချက် အနေနဲ့ လူကုန်ကူးမှုကို ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန် ဥပဒေနှင့်အညီ ပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ ထပ်မံမဖြစ်ပေါ် စေရေးအတွက် တားဆီးကာကွယ်ရန်ဆိုပြီး ရည်ရွယ်ချက်ထဲမှာ တစ်ချက်ပါဝင်ပါတယ်။ လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးတဲ့နောက် ၂၀၀၆ ခုနှစ်ကနေ ၂၀၁၅ ခုနှစ် ဧပြီလကုန် တဲ့အထိ လူကုန်ကူးမှုနှင့် အရေးယူဆောင်ရွက်ခဲ့တဲ့ အမှုပေါင်းဟာ ၁၁၆၈ မှု ရှိပါတယ်။ ဒီအမှုမှာ အမျိုးသမီးကလေးသူငယ်နှင့် လူငယ်များအပေါ် လူကုန်ကူးမှုကျူးလွန်မယ်ဆိုလို့ရှိရင် အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်ကနေ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်နိုင်တဲ့ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ ဖြင့်လည်းကောင်း၊ အမျိုးသမီးကလေးသူငယ်နှင့် လူငယ်များမှအပ အခြားသူများအပေါ် ကျူးလွန်မယ်ဆိုလို့ရှိရင် အနည်းဆုံး ထောင်ဒဏ် ငါးနှစ်ကနေ အများဆုံး

ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်တဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၅ နဲ့ လည်းကောင်း ဂိုဏ်းဖွဲ့ကျူးလွန်မယ်ဆိုလို့ရှိရင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၈ နဲ့လည်းကောင်း အရေးယူဆောင်ရွက်ခဲ့ပါတယ်။ လူကုန်ကူးမှုအရေးယူဆောင်ရွက်မှုအနေဖြင့် ၂၀၀၆ ခုနှစ်ကနေ ၂၀၁၅ ခုနှစ် ဧပြီလကုန်အထိ တရားရုံးအမိန့်ချမှတ်ပြီးတဲ့အမှု ၁၀၄၈ မှုမှာ လွှတ်တော် ကိုယ်စားလှယ်ကြီး ပြင်ဆင်ဖို့တင်ပြတဲ့ ပုဒ်မ ၂၆ နဲ့ သီးခြားအရေးယူဆောင်ရွက်မှုက တစ်မှုပဲရှိ ပါတယ်။

ဒါ့အပြင် ပုဒ် ၂၆ နဲ့ ပုဒ်မ ၂၄ ပုဒ်မခွဲ(၃၂)နဲ့ တွဲဖက်ပြီးတော့ အရေးယူဆောင်ရွက်တဲ့အမှု ကလည်း နှစ်မှုပဲရှိပါတယ်။ သီးခြား ပုဒ်မ ၂၆ နဲ့ အရေးယူဆောင်ရွက်တဲ့အမှုမှာ ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန်လည်းကောင်း ကျန်တဲ့ပုဒ်မနဲ့တွဲဖက်ပြီးတော့ အရေးယူဆောင်ရွက်တဲ့အမှုမှာ ပုဒ်မ ၂၄ နှင့် ထောင်ဒဏ် ၁၀ နှစ်၊ ပုဒ်မ ၂၆ နှင့် ထောင်ဒဏ် သုံးနှစ် သီးခြားစီကျခံစေရန် အမိန့်ချမှတ်တဲ့အတွက် လည်းကောင်း စုစုပေါင်း ၁၃ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ တရားရုံးအမိန့်ချမှတ်ပြီးတဲ့ လူကုန်ကူးမှု ၁၀၄၈ မှုမှာ ပုဒ်မ ၂၆ နှင့် တွဲဖက်ပြီးတော့ အရေးယူဆောင်ရွက်ရမှုဟာ ၀.၁၉ ရာခိုင်နှုန်း ရှိပြီးတော့ ပုဒ်မ ၂၆ နဲ့ သီးခြားအရေးယူဆောင်ရွက်မှုကတော့ ၀.၀၉ ရာခိုင်နှုန်းသာရှိပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ ပြင်ဆင်ချက်နဲ့ပတ်သက်ပြီးတော့ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ငါးနှစ်က အများဆုံး ထောင်ဒဏ် ၁၀ နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမယ်လို့ ဖော်ပြထားပါတယ်။ လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေမှာ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားမယ်ဆိုလို့ရှိရင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးနှစ်ကနေ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရန်ဆိုသော ပြဏ်ဒဏ်ဟာ လုံလောက်မှုရှိသော ပြဏ်ဒဏ်ဖြစ်တဲ့အတွက် မူလပြဋ္ဌာန်းချက်ဟာ ခေတ်ကာလ အခြေအနေနဲ့ ကိုက်ညီမှုရှိနေသေးကြောင်းလည်း တွေ့ရှိရပါတယ်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ခေတ်ကာလနှင့်အညီ ပြင်ဆင်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥပဒေရေးရာနှင့်တရားစွဲဆိုနိုင်ရေးရာလုပ်ငန်းအဖွဲ့များမှ တာဝန်ယူပြီးတော့ ဥပဒေလိုအပ်ချက်များကို ထုတ်နုတ်ပြုစုဆောင်ရွက်လျက်ရှိတဲ့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်သော Human Trafficking Working Group အနေနဲ့လည်း ဥပဒေပြင်ဆင်နိုင်ရေးအတွက် ဖြည့်စွက်သင့်တဲ့အချက်အလက်များကို စုဆောင်းလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လူကုန်ကူးမှုတားဆီး

ကာကွယ်ရေးဥပဒေကို ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်ပြထားတဲ့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၆ ပါ ပြစ်ဒဏ်အား ယခုအချိန်မှာ ပြင်ဆင်ခြင်းမပြုသင့်သေး ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့ သဘောထားပြောပါ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်အရ ပြင်ဆင်ဖို့ရှိပါတယ်ဆိုတဲ့အချက်ကို သိရပါတယ်။ လောလောဆယ် မပြင်ဆင်နိုင်တဲ့ အကြောင်းပြချက်ကိုလည်း ဖော်ပြထားပါတယ်။ အဲဒီမှာ ဒီလိုကိစ္စမျိုးနဲ့ပတ်သက်ပြီး အရေးယူရတဲ့ ဟာက တစ်မှု သို့မဟုတ် (က)နှင့်တစ်မှု၊ (ခ)နှင့်နှစ်မှုတို့ ခုနက ပြောသွားပါတယ်။ အဲဒီလိုပြောကြား ချက်တွေပေါ်မှာ ကျွန်တော် ဒီကနေ့ လွှတ်တော်မှာ တင်ပြနေတာက တခြားမဟုတ်ပါဘူး။ ၅၁ သန်းရှိတဲ့ နိုင်ငံရဲ့ဝန်းကျင်မှာ ဒီနိုင်ငံရဲ့ အမျိုးသမီးတွေကို အတင်းအဓမ္မထိမ်းမြားဖို့၊ လက်ထပ်ဖို့ ဒီရင်းမြစ်နိုင်ငံမှာ လူပိုလူအိုက နောက်ဆုံးရတဲ့ စာရင်းတွေအရဆိုရင် လူပျိုသိုးကြီးက သန်း ၈၀ လောက်ရှိတယ်လို့ သိရပါတယ်။ အဲဒါကြောင့် တစ်နေ့မှာ ကျွန်တော်တို့နိုင်ငံတွေရဲ့ အမျိုးသား ဘဝကြီးအားလုံးဟာ တစ်ဖက်နိုင်ငံရဲ့ အပျော်မယားဘဝ သို့မဟုတ် ဘုံမယားဘဝရောက်သွားမှာကို စိုးရိမ်တဲ့အန္တရာယ်နဲ့ လွှတ်တော်မှာ တင်ပြသင့်၊ တင်ပြထိုက်တာကို ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ နောင်ပြင်မယ်ဆိုတဲ့ အတွက်လည်း ကြိုဆိုပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော် တင်သွင်းတဲ့ ဥပဒေပြင်ဆင်မှုကို လွှတ်တော်က မှတ်တမ်းတင်ထားပေးပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးလေးစားစားတင်ပြအပ်ပါတယ်။

**ဦးသိန်းညွန့်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး**

**ဦးသိန်းညွန့်၊ သယ်ယ်န်းကျွန်းမဲဆန္ဒနယ်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်-၅/၂၀၀၅) ကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေပြင်ဆင်ဖို့ တင်ပြတဲ့ ဦးသိန်းညွန့်ရဲ့အဆိုပြုချက်ကို လွှတ်တော်မှာ မှတ်တမ်းထားရှိဖို့အတွက် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသိန်းညွန့် တင်သွင်းတဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်-၅/၂၀၀၅) ကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နေ့နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**